သာသနံ”ဟူသော အဆုံးအမတော်၌ “မကောင်းမှု အားလုံးကို မပြုရ”ဟု ဆုံးမတော်မူ၏။ နစ္စ စသည်ကို ကြည့်မှုသည် မကောင်းမှု ဖြစ်ရကား ထို အဆုံးအမတော်နှင့် မလျော် (ဖီလာ)ဖြစ်၏။

ဝိသူကံကို “ဝိသုစတိ သာသနံ ဝိဇ္ဈတိ-အဆုံးအမကို ထိုးဆွသကဲ့သို့ ဖြစ်၏”ဟု ဋီကာ ဖွင့်၏၊ ပဋိဝိရုဒ္ဓ (ဆန့်ကျင်ဘက်) ဟုလည်း အဓိပ္ပါယ် ပြ၏၊ [“ဝိသူစိကာ, သူစိ-အပ်”စသည်ကို ထောက်၍ ထိုးခြင်းအနက်၌ “ဝိသူကံ”ဟု ဒီဃ သင့်မည် ထင်၏၊ စာအုပ်အများ၌ကား “ဝိသုက”ဟု ရှိသည်။]

ထိုဝိသူကံကိုလည်း “ပဋ္ဌာဏိဘူတံ=ပဋိ (ဆန့်ကျင်ဘက်) +အာဏိဘူတံ”ဟု ဖွင့်၏၊ အာဏိ=ကီလ(သပ်=စို့=မယ်န)၊ ဘုရားအဆုံးအမတော်ကို ဆန့်ကျင်ဘက်ပြုလျက် သပ်ဖြင့် စို့ဖြင့် နှက်သကဲ့သို့ ကြည့်ရှု နားထောင်ခြင်း-ဟူလို၊ ဤ အဓိပ္ပါယ်ကို ရည်၍ “ဝိသူကဒဿန”ကိုရင်း “အတ္တနာ နစ္စနနစ္စာပနာဒိဝသေန”ကို ထောက်၍ နစ္စ ဂီတ ဝါဒိတကိုရင်း အနက်ပေးထားသည်။

**မှတ်ချက်။** ။သီလက္ခန်-ဥဇုဝိပစ္စနိကပုဒ်အဖွင့်၌ “ဝိသရုက္ခ-အာဏိ (မယ်န=စို့) ကောဋ္ဌယမာနော ဝိယ” ဟု အာဏိအသုံးကို တွေ့ရ၏၊ ထိုအာဏိကို “ကီလ”ဟု ဖွင့်၏၊ ကီလအသုံးကိုလည်း “ကီလ+ဥပ္ပါဋ္ဌိ= လွတိုက်၍ မပြီးသေးသော သစ်သား အခြမ်း၌ စိုက်နှက်ထားသော သပ်ကို နှုတ်သည်” ဟု ဟိတောပဒေသ၌ တွေ့ရ၏၊ ရှေးဆရာတို့ကား “အာဏိ=ငြောင့်တန်ကျင်” ဟု အနက်ပြန်ကြသည်။